## ၂၀၁၇ ခုနှစ်

## တက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**သမိုင်း** **ခွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။** ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးတိုးမြှင့်ပေးရန်အတွက် ၁၉၂၁ နိုဝင်ဘာအတွင်းလာရောက်ခဲ့သော --------- ကိုသပိတ်မှောက်ခဲ့သည်။

(၂) သခင်အောင်ဆန်းနှင့်သခင်လှမြိုင်တို့သည်တရုတ်နိုင်ငံ---------သို့ရောက်သည့်အခါတွင် ရည်မှန်းချက်အတိုင်းတရုတ်ကွန်မြူနစ်ပါတီနှင့်ဆက်သွယ်ရန်ကြိုးစားကြသည်။

(၃) ရန်ကုန်ကောလိပ်နှင့်ခေတ်ပြိုင်ပေါ်ပေါက်လာသောကောလိပ်မှာ---------ဖြစ်သည်။

(၄) ကိုလံဘိုညီလာခံသို့ တက်ရောက်ခဲ့သော နိုင်ငံငါးနိုင်ငံ၏ကြိုးပမ်းမှုဖြင့် ၁၉၅၅ ဧပြီတွင် အင်ဒိုနီးရှားရှိ---------မြို့တွင်အာရှနှင့်အာဖရိကနိုင်ငံများညီလာခံကိုကျင်းပကြ၏။

(၅) အီလက်ထရွန်နစ် ပညာရေးစနစ်တစ်ခုအဖြစ် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အီလက်ထရွန်နစ် သင်ယူမှုဌာန --------- ခုကို ဖွင့်လှစ်ခဲ့သည်။

(၆) ၁၉၁၇တော်လှန်ရေးမတိုင်မီက ရုရှ၌ --------- မင်းဆက်အုပ်စိုးသည်။

(၇) ၁၈၉၂တွင်ဖိလစ်ပိုင်မျိုးချစ်ပညာတတ်လူငယ်တစ်စုတို့သည် ---------ခေါ်လျှို့ဝှက်အသင်းတစ်သင်းကိုဖွဲ့စည်းထူထောင်ကြသည်။

(၈) ၁၉၃၉ စက်တင်ဘာ ၁ တွင်ဂျာမနီက --------- နိုင်ငံကိုအလုံးအရင်းနှင့်ဝင်ရောက်ကျူးကျော်ခဲ့သည်။

(၉) ဆိုဗီယက်နိုင်ငံသည် ယင်း၏ဩဇာခံအရှေ့ဥရောပနိုင်ငံများအား --------- ကိုလက်မခံစေရန်စည်းရုံးခဲ့သည်။

(၁၀) တရုတ်အစိုးရသည် --------- နိုင်ငံနှင့် ပေကျင်းသဘောတူညီချက်ကို ၁၉၉၈ တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြချက်များကို **'မှား' (သို့မဟုတ်) 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) ၁၉၄၁ တွင် တို့ဗမာအစည်းအရုံးသည် အင်္ဂလိပ်အစိုးရ၏ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည်။

(၂) ခရိုင်ဝန်သည် ခရိုင်တစ်ခု၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်၍ ယခင်ခေတ်အရေးပိုင်အဆင့်အတန်းနှင့်တူညီသည်။

(၃) ၁၉၆၈ နိုဝင်ဘာ တွင်မြန်မာ့ပင်လယ်ပြင်နယ်နိမိတ်ကိုရေကြောင်းမိုင် ၁၄မိုင်အကွာအဝေးထိသတ်မှတ်ကြောင်းကြေညာသည်။

(၄) ၁၉၀၁ တွင် ယိုဟယ်ထွမ်လှုပ်ရှားမှု သို့မဟုတ် လက်သီးသမားအရေးတော်ပုံပေါ်ပေါက်လာသည်။

(၅) အာဆီယံအဖွဲ့သည် ၁၉၆၁ ခုနှစ်ကဖွဲ့စည်းခဲ့သည့် ထိုင်း၊ ဖိလစ်ပိုင် နှင့် မလေးရှားတို့ပါဝင်သောအရှေ့တောင်အာရှအဖွဲ့ကိုအစားထိုးဆက်ခံခြင်းဖြစ်သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) ၁၉၄၇ ဇန်နဝါရီ ၂၇ တွင် --------- ကိုလက်မှတ်ရေးထိုးကြသည်။
(က) အောင်ဆန်းအက်တလီစာချုပ် (ခ) နုအက်တလီစာချုပ် (ဂ) လက်ျာ-ဖရီးမင်းစာချုပ်

(၂) ရခိုင်၏အုပ်ချုပ်ရေးကို --------- အစိုးရ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိပြီးနယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့သည်။
(က) အင်္ဂလိပ် (ခ) ဘင်္ဂလား (ဂ) ပီနန်

(၃) တော်လှန်ရေးလုပ်ငန်းစဉ်များကို လီနင်ရေးသားသော --------- တွင်တွေ့ရသည်။
(က) တက္ကသိုလ်ကြေညာစာတမ်း (ခ)မြေကျွန်လွတ်မြောက်ခွင့်အမိန့် (ဂ)ဧပြီစာတမ်း

(၄) ဗီယက်နမ်ပြန်လည်ထူထောင်ရေးအသင်းကို --------- မြို့၌ ၁၉၁၂ တွင်ဖွဲ့စည်းခဲ့သည်။
(က) ယန်ဘေး (ခ) နန်ကျင်း (ဂ) ကန်တုံ

(၅) အပြည်ပြည်ဆိုင်ရာတရားရုံး မှာမူ နယ်သာလန်နိုင်ငံ --------- တွင်ရှိသည်။
(က) ဟိတ်ဂ် (ခ) ယော်လတာ (ဂ) နယူးယောက်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကိုမှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) ဒုတိယကျောင်းသားသပိတ် ( ၅ မှတ်)

(ခ) ဗမာ့လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ ( ၅ မှတ်)

(ဂ) တရုတ်ဖြူကိုမင်တန်ကျူးကျော်မှု ( ၅ မှတ်)

(ဃ) ပြည်ထောင်စုပါတီအစိုးရလက်ထက်စီးပွါးရေး ( ၅ မှတ်)

(င) နယ်မြေပိုင်းခြားသတ်မှတ်ရေး ( ၅ မှတ်)

(စ) ရက်တစ်ရာပြုပြင်ရေး ( ၅ မှတ်)

(ဆ) ဝါဆောစစ်စာချုပ်အဖွဲ့ ( ၅ မှတ်)

(ဇ) အာဆီယံအဖွဲ့၏ရည်ရွယ်ချက်များ ( ၅ မှတ်)

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ ( ၃၀ မှတ်)

(၁) အင်္ဂလိပ်နယ်ချဲ့တို့အားဆန့်ကျင်သည့် တောင်သူလယ်သမားအရေးတော်ပုံ အကြောင်းရေးသားပါ။ (၁၅ မှတ်)

(၂) မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပင်လုံညီလာခံ ၏အရေးပါပုံကိုတင်ပြပါ။ (၁၅ မှတ်)

(၃) ၆၁ ဌာနအုပ်ချုပ်ရေး အကြောင်းရေးသားပါ။ (၁၅ မှတ်)

(၄) ဖဆပလအစိုးရ လက်ထက် ပြည်တွင်းဆူပူသောင်းကျန်းမှုများပေါ်ပေါက်လာပုံကိုတင်ပြပါ။ (၁၅ မှတ်)

(၅) အိမ်စောင့်အစိုးရလက်ထက် လူမှုရေး အခြေအနေ ကိုဖော်ပြပါ။ (၁၅ မှတ်)

[တစ်ဖက်သို့

## အပိုင်း ( ဃ )

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ ( ၃၀ မှတ် )

(၁) ပထမကမ္ဘာစစ် ဖြစ်ရသည့်အကြောင်းရင်းတစ်ခုဖြစ်သောကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း ကိုရေးသားပါ။ (၁၅ မှတ်)

(၂) ဂျာမနီတွင် နာဇီအာဏာရှင်စနစ်ပေါ်ပေါက်လာရခြင်းအကြောင်းရင်းများကိုရေးသားပါ။ (၁၅ မှတ်)

(၃) ဒုတိယကမ္ဘာစစ်ဖြစ်ပွားစေသော မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းခြင်းကိုဖော်ပြပါ။ (၁၅ မှတ်)

(၄) စစ်အေး၏ သဘော နှင့် ပေါ်ပေါက်လာပုံ ကိုရှင်းပြပါ။ (၁၅ မှတ်)

(၅) ခေတ်ပြိုင်ဂျပန်နိုင်ငံ၏ အခြေအနေကို ရေးသားဖြေဆိုပါ။ (၁၅ မှတ်)